

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ပါရဂူဘွဲ့ သင်တန်းသား/သူ များခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာပါရဂူဘွဲ့ Ph.D(IT) သင်တန်းအပတ်စဉ်(၂၀) သင်တန်းကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး ပါရဂူဘွဲ့အကြို သင်တန်း (၁)နှစ် နှင့် သုတေသနကျမ်းပြု (၃)နှစ်၊ စုစုပေါင်း (၄)နှစ် သင်တန်း ဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း ဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူသုတေသန ဆက်လက် လုပ်ဆောင်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ Ph.D(IT) လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များ နှင့် ပြည့်စုံသူဖြစ်ရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကွန်ပျူတာဘာသာရပ် (သို့မဟုတ်) အလားတူ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာ ဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက တစ်ဆက်တည်းလုပ်သက်(၂)နှစ်ရှိ၍ လက်ရှိတာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ် နှင့် သက်ဆိုင်ရာဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

(င) သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(စ) သင်တန်းတက်ရောက်မည့် ကျောင်းသား၊ကျောင်းသူများသည် Referee နှစ်ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။

၄။ Ph.D(IT) သင်တန်းသို့ တက်ခွင့်ရရန် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲ (Entrance Exam)ကို ဝင်ရောက် ဖြေဆိုကြရမည်။

ရေးဖြေစာမေးပွဲ

နေ့စွဲ	ဘာသာရပ်	အချိန်	ဖြေဆိုရမည့်ဌာန
၂၆-၁၁-၂၀၂၆ (ကြာသပတေးနေ့)	အင်္ဂလိပ်စာ	နံနက်(၉:၀၀)နာရီမှ (၁၂:၀၀)နာရီ	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
	သက်ဆိုင်ရာဘာသာရပ်	နေ့လယ်(၁:၀၀)နာရီမှ (၄:၀၀)နာရီ	

၅။ (၃၀-၁၁-၂၀၂၆)ရက် (တနလ်ာနေ့) တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် လူတွေ့ဖြေဆိုကြရမည် ဖြစ်သည်။

၆။ ပါရဂူဘွဲ့အကြိုသင်တန်းများကို (၁-၁၂-၂၀၂၆) ရက် (အင်္ဂါနေ့) တွင် စတင်ဖွင့်လှစ် သင်ကြား မည် ဖြစ်သည်။

၇။ IT ပညာရပ်နယ်ပယ်တွင် လုပ်သက်အတွေ့အကြုံ (၁၅) နှစ် နှင့် အထက်ရှိပြီး ၊ IT ဘာသာရပ် တွင် မဟာဘွဲ့တစ်ခုခုရရှိပြီးသူများသည် Ph.D(IT)(Research Only)သင်တန်းအတွက် အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲ (Entrance Exam) ဖြေစရာမလိုဘဲ သီးခြားလျှောက်ထားနိုင်ပါသည်။ (၃၀-၁၁-၂၀၂၆)ရက် (တနလ်ာနေ့) တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တွင် လူတွေ့ဖြေဆိုကြရမည် ဖြစ်သည်။

၈။ သင်တန်းသား လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် (၁၂-၁၁-၂၀၂၆)ရက်(ကြာသပတေးနေ့) မှ စတင်၍ ထုတ်ယူနိုင်ပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ (၂၀-၁၁-၂၀၂၆)ရက်(သောကြာနေ့) နောက်ဆုံးထား၍ လျှောက် ထား နိုင်ပါသည်။ဖြေဆိုခွင့်ကတ်ပြား ကို (၂၀-၁၁-၂၀၂၆)ရက်နေ့ မှ စတင်ထုတ်ပေးမည် ဖြစ်သည်။

၉။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန (ဖုန်းနံပါတ် ၊ ၀၉-၄၄၃၄၄၀၄၇၈၊ ၀၉-၄၄၃၄၄၀၄၇၉) သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။